## နိုင်ငံခြားခရီးသည်တွေပိုမိုလာရောက်စေရေးကိုဆိုအားပေးသွားကြဖို့ အမျိုးသားစည်းလုံးညီညွတ်ရေးသုတေသနနှင့်တိုးချဲ့ထုတ်လုပ်မှုကျောင်းတော်သားစုကတိုက်တွန်းနှိုးဆော်

| ခုနှစ် | နယ်စပ်ဖြတ်သန်းခွင့်(Boder Pass) ဖြင့်လာရောက်သူဦးရေ | နိုင်ငံကူးလက်မှတ်(Tourist Visa)ဖြင့်လာရောက်သူဦးရေ |
|---|---|---|
| ၂၀၀၂-၂၀၀၃ | ၃၆၅၂၈၁ | ၃၀၁၈၂၄ |
| ၂၀၀၃-၂၀၀၄ | ၃၃၀၃၂၀ | ၂၆၉၂၀၅ |
| ၂၀၀၄-၂၀၀၅ | ၃၇၂၄၆၀ | ၃၃၃၀၆၆ |
| ၂၀၀၅-၂၀၀၆ | ၃၈၉၃၇၉ | ၃၃၃၇၃၇ |

**အာဆီယံနိုင်ငံများသို့နိုင်ငံခြားခရီးစဉ်ဝင်ရောက်မှုစာရင်း**

| စဉ် | နိုင်ငံ | ဦးရေ(သန်းပေါင်း) |
|---|---|---|
| ၁။ | ထိုင်း | ၁၃.၈ သန်း |
| ၂။ | မလေးရှား | ၁၂.၉ သန်း |
| ၃။ | စင်္ကာပူ | ၉.၇ သန်း |
| ၄။ | ဗီယက်နမ် | ၃.၆ သန်း |
| ၅။ | ဖိလစ်ပိုင် | ၂.၈ သန်း |
| ၆။ | အင်ဒိုနီးရှား | ၂.၇ သန်း |
| ၇။ | ကမ္ဘောဒီးယား | ၁.၇ သန်း |
| ၈။ | လာအို | ၀.၉ သန်း |
| ၉။ | မြန်မာ | ၀.၆ သန်း |

အထက်ပါစာရင်းဇယားအရအာဆီယံနိုင်ငံများတွင်နိုင်ငံခြားခရီးသည်ဝင်ရောက်မှုအနည်းဆုံးဟာမြန်မာနိုင်ငံဖြစ်နေတာတွေ့ရပါတယ်။

### နိုင်ငံအတွင်းခရီးသွားလာမှုလုပ်ငန်း(Local Tourism)ဖွံ့ ဖြိုးလာမှု

ပြီးခဲ့တဲ့ ဖ.ဆ.ပ.လ ခေတ်နဲ့လမ်းစဉ်ပါတီခေတ်များမှာတောင်သူလယ်သမားများလုပ်ငန်းခွင် ရပ်နားချိန်နဲ့မြို့ပြလူတန်းစားများအဖို့ အခါကြီးရက်ကြီးပိတ်ရက်များတွင် တန်ခိုးကြီးဘုရားများသို့ဘုရားဖူးထွက်တဲ့ပြည်တွင်းခရီးစဉ်တွေရှိခဲ့ပါတယ်။ ၁၉၈၈ နောက်ပိုင်းဈေးကွက်စီးပွားရေးပွင့်လင်းလာမှုကို တောင်သူလယ်သမားများ၊ မြို့ပြလူလတ်တန်းစားများခံစားရရှိလာတာနဲ့အမျှဘုရားဖူးခရီးသွားလုပ်ငန်းများဟာ ပုံမှန်ရပ်တည်လုပ်ကိုင်တဲ့ခေတ်သစ်စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းတွေ ဖြစ်လာပါတယ်။ ခရီးစဉ်တစ်လျှောက်မှာရှိတဲ့ လူထုလူတန်းစားအလွှာအသီးသီးဟာ ခရီးသွားလာမှုအကျိုးခံစားကြရပါတယ်။

ပုပ္ပါးမြို့ (ကျောက်ပန်းတောင်းမြို့နယ်)က ထမင်းဆိုင်ရှင်တစ်ဦးက သင်္ကြန်ရက်အတွင်းရောင်းရတဲ့ငွေဟာ တစ်နှစ်ထိုင်စား လောက်တယ်လို့ပြောဘူးပါတယ်။



**နိုင်ငံခြားခရီးသည်လုပ်ငန်း(Foreign Tourism) ဖွံ့ ဖြိုးမှုမှခံစားရသည့် အကျိုးကျေးဇူးများ**

နိုင်ငံခြားခရီးသွားလုပ်ငန်းဖွံ့ ဖြိုးစည်ပင်လာတာနဲ့အမျှ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ပါဝင်တဲ့ပြည်တွင်းပြည်ပ ကုန်း၊ရေ၊ လေ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ၊ ဒါတွေကိုပံ့ပိုးနေတဲ့အလုပ်ရုံ၊ စက်ရုံများဆိုင်ရာလုပ်ငန်းခွင်အသီးသီးက လုပ်သားဝန်ထမ်းများ၊ ဟော်တယ်နဲ့ စားပွဲရုံဖွင့်လှစ်ကြတဲ့လုပ်ငန်းရှင်နဲ့လုပ်သားများ၊ ဒါတွေနဲ့ဆက်စပ်နေတဲ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မြန်မာ့ရိုးရာလက်မှု လုပ်ငန်းများရဲ့လုပ်သားများ၊ လုပ်ငန်းရှင်များ စသည်ဖြင့် ကျယ်ပြန့်တဲ့ဝန်ဆောင်မှုပြည်တွင်းဈေးကွက် နယ်ပယ်တစ်ရပ်ပေါ်ထွန်းလာ ပါလိမ့်မယ်။

'တကယ်လို့ ခရီးသွားတစ်သန်းဖြစ်ခဲ့ရင် ရန်ကုန်–မန္တလေး၊ ပုဂံ၊ အင်းလေးဒေသတွေမှာ အဆင့်မီဟိုတယ်အခန်းတွေ ဝန်ဆောင်မှုတွေ ထပ်တိုးဖို့လိုတယ်။ အဓိကကျတဲ့ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာ ကမ္ဘာလှည့်ခရီးသည်တင်အဆင့်မီကားတွေ၊ Taxi တွေဒီထက်မကလိုလာမယ်' လို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)မှဦးအုန်းသန်းက သုံးသပ်ထားပါတယ်။

ဗီယက်နမ်နိုင်ငံတွင် အခန်း ၁၅၀၀၀၀ရှိ ကြယ်လေးပွင့် (သို့) ကြယ်ငါးပွင့်အဆင့်ဟိုတယ် ၉၀ မျှသာရှိသေးကြောင်း၊ ယခု ကာလမှ ၂၀၁၀ ပြည့်နှစ်အတွင်း ကြယ်လေးပွင့် (သို့) ကြယ်ငါးပွင့်အဆင့်ဟိုတယ် ၁၅၀၀၀ မှ ၂၀၀၀၀ ထိ ထပ်မံဆောက်လုပ်သွားဖို့ လိုကြောင်းဗီယက်နမ်ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးဌာနက ပြောကြားခဲ့ပါတယ်။ (ဆင်ဟွာသတင်း ၂၀.၅.၂၀၀၇)

**နိုင်ငံခြားခရီးသည်ဝင်ရောက်မှုကိုတားဆီးကန့်ကွက်နေတာတွေရဲ့အနိဋ္ဌာရုံအကျိုးဆက်များ**

မြန်မာနိုင်ငံမှာပေါ်ထွန်းခဲ့၊ ပေါ်ထွန်းဆဲ လက်ဝဲစွန်း၊ လက်ယာစွန်းသမားများဟာ မိမိတို့ရည်မှန်းချက်ပေါက်မြောက်ဖို့ တိုင်းပြည်ကိုစတေးပြီး မီးလောင်တိုက်သွင်းနေပါတယ်။

တချိန်က ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်စုများအကြားမှာ အရပ်သားတွေစီးနင်းတဲ့ ယာဉ်ရထားတွေကို မိုင်းထောင်ဖျက်ဆီးသင့်မသင့်ဆွေးနွေးဘူးကြောင်း တောခိုဗိုလ်ရဲထွဋ်နဲ့ ထိုစဉ်တပ်မတော်တွင်းကနေပြီး (ဗကပ)ကို အားပေးနေတဲ့ ဗိုလ်မှူးချုပ်ကျော်ဇောတို့က စစ်ရထားတွေကိုသာမိုင်းထောင်ဖို့အဆိုပြုကြောင်း နောက်ဆုံးမှာတော့ရန်သူ့နယ်မြေတွင်းမှာရှိတဲ့ ဆက်သွယ်ရေးလမ်းကြောင်း (Enemy line of communication ELOC) အီလော့စီဟုအတိုကောက်ခေါ်ကြောင်း) မှန်သမျှကို ဒုတိယကမ္ဘာစစ်အတွင်းက နည်းလမ်းအတိုင်းဖျက်ဆီးရမယ်ဆိုတဲ့ ဥက္ကဋ္ဌသခင်သန်းထွန်းရဲ့ဆုံးဖြတ်ချက်အတည်ဖြစ်ပြီး လူစီးရထားပါမကျန်မိုင်းထောင်ဖျက်ဆီးခဲ့ကြောင်း သခင်တင်မြက ပြောဘူးပါတယ်။

ဒီကနေ့မှာလည်းပြည်သူလူထုအကျိုးရှေးရှုပါတယ်ဆိုတဲ့ ဒီမိုကရေစီသမားအမည်ခံတဲ့ ပြည်တွင်းပြည်ပအဆိုးမြင်အဖျက်အုပ်စုများဟာ မြန်မာနိုင်ငံအပေါ်ဘက်ပေါင်းစုံ စီးပွားရေးပိတ်ဆို့ပြီး လူထုတွေကိုစားဝတ်နေရေးကြပ်တည်းကျဉ်းမြောင်းအောင်ဖန်တီးနေကြပါတယ်။

သူတို့ရဲ့အကြပ်ကိုင်တောင်းဆိုမှုတွေမှာ အထည်ချုပ်လုပ်ငန်းတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းကထွက်ခွာသွားဖို့အပြင် မြန်မာနိုင်ငံကို နိုင်ငံခြားခရီးသည်တွေဒီမိုကရေစီရမှလာကြပါလို့တောင်းဆိုမှုလည်း ပါဝင်ပါတယ်။

တချိန်က လက်ဝဲစွန်းသမားများရော ယခုလက်ယာစွန်းသမားတွေပါ မိမိတို့အာဏာရဖို့အရေးအတွက် တိုင်းသူပြည်သားတွေကိုပါ စတေးသင့်ရင်စတေးရမယ်၊ ဒီမိုကရေစီရဖို့အတွက် လူထုတွေကဒုက္ခခံသင့်ရင်ခံရမယ်ဆိုတဲ့ သဘောထားအရာမှာလာပြီးတူမနေပေဘူးလား။

အဲဒီလို လူထုတွေကြပ်တည်းကျဉ်းမြောင်းအတိဒုက္ခ တွေကြုံ ပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှာတဲ့လား၊ ကမ္ဘာနဲ့မြန်မာ့သမိုင်းဖြစ်ရပ်တွေက သူတို့လုပ်ရပ်တွေနဲ့ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါတယ်။

အာရှမှာကြည့်ရင် ဂျပန်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ် ထိုင်း စတဲ့နိုင်ငံများအားလုံးလောက်ပင် တပ်မတော်ခေါင်းဆောင်များက နိုင်ငံထူထောင်ရေးကို ကာလတကန့်အထိ လုပ်သွားခဲ့တာအထင်အရှားဖြစ်ပါတယ်။ ထိုစဉ်က ကမ္ဘာ့နိုင်ငံကြီးများကလည်းတစ်ဘက်က ကွန်မြူနစ်အန္တရာယ်ကြောင့် တပ်မတော်က စီးပွားရေးဖွံ့ ဖြိုးတိုးတက်အောင်လုပ်နေတာတွေ၊ စီးပွားရေးအခြေခိုင်နိုင်ငံတည်ငြိမ်ပြီးမှ နိုင်ငံရေးဒီမိုကရေစီကို တဖြေးဖြေးတိုးချဲ့ပေးသွားတာတွေကို လက်ခံအားပေးခဲ့ကြပါတယ်။

ယခုစာတမ်းမှာ ပူးတွဲတင်ပြထားတဲ့ ဦးသန်းမြင့်ဦးရဲ့သဘောထားတွေကိုလေ့လာမယ်ဆိုရင် မြန်မာလူထုတွေ စီးပွားရေး၊ လူမှုရေး၊ ဒီမိုကရေစီရေးဘဝဖွံ့ ဖြိုးမှုဟာ ပြင်ပကမ္ဘာနဲ့ထိတွေ့ဆက်ဆံမှုရှိဖို့လိုကြောင်း ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။

အဲဒါကြောင့် ခေတ်မီဖွံ့ ဖြိုးတဲ့ ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးလိုလားသူတိုင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသည်တွေပိုမိုလာရောက်ရေးကို ကြိုဆိုအားပေးသွားကြဖို့အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

**(လှမြင့်)**<br>
**အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး**<br>
**သုတေသနနှင့် တိုးချဲ့ထုတ်လုပ်မှု**<br>
ကျောင်းတော်သားစု<br>
အမှတ်(၉၆)၊ ဦး (၆၉) ရွှေနံ့သာ<br>
ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့<br>
(၂၂.၅.၂၀၀၇)